# National Conference Of Burmese-American Catholics (NCBAC)

C/o Cathedral of the Immaculate Conception
1122 S Clinton Street, Fort Wayne, IN 46807
Phone No: (260) 456-8969 Ext.301.


ဩဂုတ်လ၊၂ရက်၊၂၀၁၅

ချစ်လှစွာသော ဘာသာဝင်ညီအစ်ကိုမောင်နှမများခင်ဗျာ

အကြောင်းအရာ၊ ရေဘေးမုန်တိုင်းကြောင့် ဒုက္ခရောက်နေကြသော ကက်သလစ်ဘာသာတူများအတွက်
အလှူငွေတောင်းခံလွှာ။

မြန်မာနိုင်ငံ၌ ယခင်လ၊ဂျူလိုင်လတွင် သဘာဝရေဘေးမုန်တိုင်းဒဏ်ကြောင့် တိုင်းသူ၊ပြည်သားများ လွန်စွာကြီးမားစွာဒုက္ခရောက်နေကြောင်းကြားသိရပါသည်။ မရပ်မနားရွာသွန်းသော မိုးများကြောင့်ရေကြီးလာကာ လူနေအိမ်များသည် ရေထဲ၌ပါသွားခြင်း၊ တောင်သူလယ်သမားများ စုဆောင်းထားသော ဆန်စပါးများရေထဲ၌ပါသွားခြင်း၊ တောင်သူလယ်သမားပိုင်ဆိုင်သည့် ကျွဲ၊နွား တိရစ္ဆာန်များရေထဲ၌ပါသွားခြင်း၊ မိမိဝတ်ဆင်ထားသော အဝတ်မှတစ်ပါး အဝတ်အစားများ၊အသုံးအဆောင်ပစ္စည်းများအားလုံးတို့သည် ရေထဲ၌ပါသွားခြင်း စသည့်သတင်းများကြားသိရသောကြောင့် လွန်စွာ စိတ်မသာညည်းတွားခြင်းဖြစ်မိပါသည်။ " ငါသည်ဆာလောင်မွတ်သိပ်သောအခါ သင်သည်ငါ့ကို စားစရာပေး၏၊ ငါရေငတ်သောအချိန်၌လည်းသင်သည် ငါ့ကို သောက်စရာရေပေး၏။ ငါသည်အဝတ်ဗလာချည်းဖြစ်နေချိန်၌လည်း သင်သည်ငါ့ကို အဝတ်အစားပေး၏။ ထို့ကြောင့် ကမ္ဘာဦးစကပင်သင်တို့အဖို့ ပြင်ဆင်ထားသော နိုင်ငံတော်ကို လာ၍ အမွေခံကြလော့" ဟု ရှင်မသဲခရစ်ဝင်ကျမ်း ၂၅:၃၁-၄၀ ၌ ပါရှိသော မြတ်စွာဘုရား၏ နှုတ်ထွက်တော် ကတိတော်ကို အောက်မေ့သတိရလျှက် ဤအမေရိကန်နိုင်ငံ၌ နေထိုင်ကြသော မြန်မာကက်သလစ်ဘာသာဝင် များအားလုံး ဘုရားသခင်ထံမှ မိမိခံစားနေရသော ကောင်းကြီးမင်္ဂလာများထဲမှ အလှူဒါနအားဖြင့် ပါဝင်စေလိုသော မေတ္တာဖြင့် ဟားခါးသာသနာ နှင့် ကလေးသာသနာ၌နေထိုင်ကြသော ရေဘေးမုန်တိုင်းဒဏ်ကြောင့်မှီခိုရာမဲ့ ဒုက္ခရောက်နေကြသော ကက်သလစ်ဘာသာဝင် ညီအစ်ကို၊မောင်နှမများအတွက် ရည်စူး၍ တစ်ဦးလျှင် ဒေါ်လာ (၁) ဒေါ်လာနှုန်းဖြင့် ထည့်ဝင်လှူဒါန်းကြပါရန်၊ အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာကက်သလစ်အဖွဲ့ချုပ်မှ ရိုသေလေးစားစွာဖြင့် အသနားခံလိုပါသည်။ မိမိပါဝင်လှူဒါန်းသောအလှူများကို မိမိနှင့်သက်ဆိုင်သော အဖွဲ့အစည်း ခေါင်းဆောင်မှ တာဝန်ယူကာ အောက်ဖော်ပြပါလိပ်စာအတိုင်းပေးပို့စေလိုပါသည်။ သင်တို့၏ဖြူစင်သန့်ရှင်းပြီး၊ မေတ္တာစေတနာဖြင့် ထည့်ဝင်လှူဒါန်းကြသော အလှူဒါနများကြောင့် ယခုဘဝ၌သော်လည်းကောင်း၊ နောင်ဘဝ၌သော်လည်းကောင်း အဆတစ်ရာသော ဆုကျေးဇူးများကို ပေးသနားတော်မူပါစေသော် ဟူ၍ ဆုမွန်ကောင်း တောင်းလျှက် ၊ သင်တို့အားလုံးအပေါ် ဘုရားရှင်အစဉ်အမြဲ ကောင်းကြီးပေးပါစေ။

ပေးပို့ရန်လိပ်စာ
OO Re Sor
9448 Forest Lane Apt#305,
Dallas, TX 75243

John Sailon
NCBAC (ဒု-ဉက္ကဌ)
အလှူငွေကောက်ခံရေးတာဝန်ခံ


Fr. Dee De. Email: peterdeede@gmail.com Phone 260-424-1497 Ext. 308 Cell: 260-418-0387
Julie Nay Winn Email: htwenyunt48@gmail.com Phone: 815-549-1059